# မြန်မာနိုင်ငံကြက်ခြေနီအသင်း

"လူတိုင်းအတွက်အမြဲကူညီ နေရာတိုင်းမှာ ကြက်ခြေနီ"

www.redcross.com.org

• အတွဲ(၁၁)၊ အမှတ်(၃) သတင်းစာစောင် ၂၀၁၈ခုနှစ်၊ ဇူလိုင်လ


## တိုက်ပွဲရှောင်ပြည်သူများအတွက် ကြက်ခြေနီရန်ပုံငွေ ဈေးပွဲတော် ကျင်းပပြုလုပ်

ရန်ကုန်၊ မေလ

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကျင်းပသည့် တိုက်ပွဲရှောင်ပြည်သူများအတွက် ကြက်ခြေနီ ရန်ပုံငွေဈေးပွဲတော်ကို ၂၀၁၈ ခုနှစ်၊ မေလ ၅ ရက်နှင့် ၆ ရက်နေ့များတွင် ရန်ကုန်မြို့ပြည်သူ့ရင်ပြင် (စမ်းချောင်းသာကွင်း)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါရန်ပုံငွေဈေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို မေလ ၅ ရက်နေ့ ညနေ ၅ နာရီအချိန်တွင် ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူ၊ အချိန်ပြည့်အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့်တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှသံအမတ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များတက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး အလှူရှင်များက မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းဝန်ကြီးချုပ်က မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုယ်စားအလှူငွေများ လက်ခံကာဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ပါသည်။

ထို့နောက် ဖွင့်ပွဲတက်ရောက်လာသည့် ဧည့်သည်တော်များကရန်ပုံငွေဈေးပွဲတော်အတွင်း ခင်းကျင်းရောင်းချသော ဆိုင်ခန်းများနှင့် ကြက်ခြေနီလှုပ်ရှားမှုဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။



**မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ တရုတ်သံရုံးမှ ကျပ်သိန်းတစ်ရာ လှူဒါန်းစဉ်**

ကြက်ခြေနီရန်ပုံငွေဈေးပွဲတော်တွင် နာမည်ကြီးရုပ်ရှင်၊ဂီတ၊ အနုပညာရှင်များမှ တေးဂီတများဖြင့် ဖျော်ဖြေခြင်း၊ မျက်လှည့်ပညာရှင်များမှ မျက်လှည့်ပညာများဖြင့် ဖျော်ဖြေခြင်း၊ ကံစမ်းမဲလက်မှတ်များရောင်းချကာ အဖိုးတန်ဆုမဲများမဲဖောက်ပေးခြင်း၊ ကြက်ခြေနီအကြောင်း သိကောင်းစရာနှင့် ကြက်ခြေနီမှဆောင်ရွက်လျက်ရှိသောလူမှုကရုဏာ လုပ်ငန်းများအားဓါတ်ပုံများဖြင့် ခင်းကျင်းပြသခြင်းတို့အပြင် နာမည်ကြီးအနုပညာရှင်များနှင့် အခြားအလှူရှင်များကလှူဒါန်းသောGood Secondhandပစ္စည်းများ၊ ဈေးနှုန်း အထူးသက်သာသော အဝတ်အထည်၊ အလှကုန်၊ လူသုံးကုန်များနှင့် ရိုးရာအစားအစာများ ရောင်းချခဲ့ကြပါသည်။

ယခုကျင်းပပြုလုပ်သောကြက်ခြေနီရန်ပုံငွေဈေးပွဲတော်သည်မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပထမဆုံးအကြိမ် ကြီးမှူးကျင်းပသည့် ဈေးပွဲတော်ဖြစ်ပြီး ဈေးပွဲတော်မှ စုစုပေါင်း ငွေကျပ် သိန်းတစ်ရာ့ကိုးဆယ်ကျော် ရရှိခဲ့ကာ မြန်မာနိုင်ငံအတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ကြက်ခြေနီက ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာလုပ်ငန်းများတွင် ပြန်လည်အသုံးပြုသွားမည် ဖြစ်ပါသည်။

ဦးအောင်မြင့်စိုး (HV&C Dept;)

## ကျေးရွာအရောက်ခရီးပေါက်သည့် ကြက်ခြေနီ ကျန်းမာရေးရွေ့လျားဆေးခန်း


မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့်ရခိုင်ပြည်နယ်ရှိပြည်သူများကိုကျန်းမာရေးစောင့်ရှောက်မှုများအချိန်မီထိရောက်စွာပေးနိုင်ရန်အတွက် စစ်တွေမြို့တွင် ကျန်းမာရေးရွေ့လျားဆေးခန်းများ ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာများအရောက် သွားရောက်ပြီး စမ်းသပ်စစ်ဆေး ဆေးကုသမှုများ ပြုလုပ်ပေးလျက် ရှိသည်။

၂၀၁၈ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် စစ်တွေမြို့မှ ၁၅ မိုင်ခန့်ဝေးသည့် ပလ္လင်ပြင်ကျေးရွာသို့ ဆေးကုသရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်အနေဖြင့် ကြက်ခြေနီကျန်းမာရေးရွေ့လျားဆေးခန်း သွားရောက် ဖွင့်လှစ်ခဲ့ရာ မွေးလူနာမိခင်တစ်ဦး၏ အသက်ကို ကြက်ခြေနီက ကယ်တင်နိုင်ခဲ့ပါသည်။

ပလ္လင်ပြင်ကျေးရွာကို ကြက်ခြေနီကျန်းမာရေးရွေ့လျားဆေးခန်း ရောက်နေစဉ် မိခင်တစ်ဦးက အပြေးအလွှားရောက်ရှိလာပြီး သူမ၏ သမီးသွေးသွန်ပြီး လူးလိမ့်နေရကြောင်း လာရောက် အကြောင်းကြားသဖြင့် ရွေ့လျားဆေးခန်းမှ တာဝန်ခံဆရာဝန်က စမ်းသပ်စစ်ဆေး ဆေးကုသမှုများ ပြုလုပ်ပေးပြီး အရေးပေါ် အချိန်မီ ဆေးရုံတင်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ စာမျက်နှာ (၃) သို့


ကြက်ခြေနီမှ လူနာအား ကျန်းမာရေးစောင့်ရှောက်နေစဉ်


ကြက်ခြေနီရန်ပုံငွေရှာဖွေရေးပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် မိန့်ခွန်းပြောကြား


သာပေါင်းမြို့နယ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ
ပြည်တွင်း ပြည်ပ အလှူရှင်များ ထောက်ပံ့မှုဖြင့် တည်ဆောက်ထားသော စာသင်ကျောင်းဆောင်သစ်


ကြက်ခြေနီမှ ဝိုင်းမော်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစစ်ဘေးရှောင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်


ရခိုင်ပြည်နယ်စစ်တွေတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးအဖြစ် အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီး


ကြက်ခြေနီမှ မြိတ်မြို့တွင် မြေပြိုရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်


ကြက်ခြေနီမှ သထုံမြို့နယ် ဒွါရိုးဆိပ်ကျေးရွာတွင်
သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်


ဇွန်လ ၁၄ ရက် ၂၀၁၈ ကမ္ဘာ့သွေးလှူရှင်များနေ့တွင်
ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ကြက်ခြေနီစေတနာ့ဝန်ထမ်းများမှ သွေးလှူဒါန်း


ဝမ်းတွင်းမြို့နယ် မင်းကုန်းကျေးရွာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်
Ooredoo (မြန်မာ)၏ ပံ့ပိုးမှုဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် ရေကန်များ ကျေးရွာသို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

## စစ်တွေမြို့၊ ဆတ်ရိုးကျရပ်ကွက် အကွက်(၁) မီးဘေးသင့် ပြည်သူများအား ကြက်ခြေနီမှ ထောက်ပံ့ ကူညီ



စစ်တွေ၊ မေလ

ရခိုင်ပြည်နယ်၊စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက် အကွက်(၁) တွင် ၂၀၁၈ ခုနှစ် မေလ ၁၅ ရက်နေ့ နေ့လည် ၁၁ နာရီ ၂၀ မိနစ်အချိန်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ အဆိုပါ မီးဘေးသင့် အိမ်ထောင်စု (၁၇) စုအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ စစ်တွေမြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့်တာဝန်ရှိသူများက မိသားစု အသုံးအဆောင်များ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးနှင့်အမျိုးသမီးသုံးပစ္စည်းများ၊ ရေပုံးများကို သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားများ ပြောခဲ့ကြပါသည်။

မီးလောင်ကျွမ်းခြင်းသည် ၂၀၁၈ ခုနှစ် မေလ ၁၅ ရက်နေ့ နေ့လည် ၁၁ နာရီ ၂၀ မိနစ်မှ စတင်လောင်ကျွမ်းခဲ့ပြီး ၁၂ နာရီ ၁၀ မိနစ်အချိန်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပါသည်။

ဦးစိန်မြင့် (စစ်တွေ)

## မအီမြို့လမှူးတိုက်နယ် သဘာဝဘေးအန္တရာယ်ထိခိုက်ခံစားရသော အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

တောင်ကုတ်၊ ဇွန်လ

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ မအီမြို့၊ လမှူးတိုက်နယ်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ်ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု ၇၆ စု ထိခိုက်ခံစားခဲ့ရပါသည်။

အဆိုပါသဘာဝဘေးအန္တရာယ်ထိခိုက်ခံစားရသောအိမ်ထောင်စုများအားမြန်မာနိုင်ငံကြက်ခြေနီအသင်း၊သံတွဲခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးသန်းထွန်း၊ သံတွဲနှင့် တောင်ကုတ်မြို့နယ်ကြက်ခြေနီအသင်းခွဲတို့မှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် မိသားစုအသုံးအဆောင်များ၊ တကိုယ်ရည်သန့်ရှင်းရေးသုံးနှင့်အမျိုးသမီးသုံးပစ္စည်းများ၊အဆောက်အဦသုံးပစ္စည်းများနှင့် ရေပုံးများကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားများပြောခဲ့ကြပါသည်။

ဦးသန်းထွန်း (သံတွဲ)



## ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လာသည့် မိသားစုများကို ကြက်ခြေနီက ထောက်ပံ့



မြဝတီ၊ မေလ

၂၀၁၈ ခုနှစ်၊ မေလ ၇ ရက်နေ့၊ နေ့လည် ၁ နာရီတွင်ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လာသည့် မိသားစုများကို ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ် ၄ ရပ်ကွက်၊ ကျောက်လုံးကြီး ပြန်လည်ကြိုဆို လက်ခံရေးစခန်း၌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးသန်းထွဋ်ဆွေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်/ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်ကြက်ခြေနီ တပ်ဖွဲ့မှူး ဦးအောင်နိုင်ဦးနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ တက်ရောက်ခဲ့ကြပါသည်။

ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လာကြသည့် မိသားစု ၂၀ စုအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက အိမ်ထောင်စု တစ်စုလျှင် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းတစ်စုံ၊အမျိုးသမီးသုံးပစ္စည်း တစ်စုံနှင့် ငွေကျပ်တစ်သိန်းစီ ထောက်ပံ့ပေးခဲ့ပါသည်။

ဦးအောင်သောင်းဆွေ (DM Dept;)

**ရွှေမျက်နှာဖုံးမှအဆက်**

"တစ်ခုက်ကောင်းတာက ရွာက တစ်စီးတည်းသော ဈေးကားမထွက်သေးတာကြောင့် ဆေးရုံကို အချိန်မီပို့နိုင်ခဲ့ပြီး လမ်းခရီးမှာ လိုအပ်သလို ပြုစုမှုပေးနိုင်ဖို့ အရန် သားဖွားဆရာမတစ်ဦးကိုလည်း ထည့်ပေးလိုက်တယ်။ သွားရတဲ့ ခရီးလမ်းက အလွန်ကြမ်းတမ်းပြီး ၁၅ မိုင် ဝေးတာကြောင့် အချိန်မီ ဆေးရုံ မရောက် မှာကို ကျွန်မ အလွန်စိုးရိမ်နေခဲ့ရတယ်။ အတူထည့်ပေးလိုက်တဲ့ အရန်သားဖွားဆရာမက ဆေးရုံကို အချိန်မီရောက်ရှိပြီး လမ်းမှာလည်း သွေးထပ်မသွန်ဘူးလို့ ဖုန်းဆက်မှ ကျွန်မသက်ပြင်းချမိပါတယ်။ ကျွန်မအနေဖြင့် ကလေးပျက်ကျပြီးသွေးသွန်နေတဲ့ မိခင်တစ်ဦးကိုအသက်ဘေးမှကယ်ဆယ်နိုင်တာကြောင့် ကျေနပ်ဝမ်းမြောက်ရပါတယ်"ဟု ရွှေလျားဆေးခန်းတွင် တာဝန်ယူဆောင်ရွက်နေသော ဒေါက်တာကျော့သာစိန်က ပြောပြခဲ့ပါသည်။

ဦးအောင်မြင့်ဖိုး (HV&C Dept;)

# ရခိုင်ပြည်နယ်သို့လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ရန် သွားရောက်ခဲ့ကြသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များက အတွေ့အကြုံများ ပြန်လည် ရှင်းလင်း



ရန်ကုန်၊ ဇွန်လ

ရခိုင်ပြည်နယ်စစ်တွေမြို့တွင် လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိလာသည့် မန္တလေးတိုင်း ဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်များအား ဇွန်လ (၈)ရက်နေ့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ဌာနချုပ် (ရန်ကုန်ရုံးခွဲ)တွင် တာဝန်ရှိသူများက တွေ့ဆုံခဲ့ကြပါသည်။

တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်ဦးတင်မိုးအောင်မှ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်းအတွေ့အကြုံများနှင့် လူမှုကရုဏာလုပ်ငန်းဆောင်ရွက်ချက်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဉက္ကဋ္ဌ ပါမောက္ခဒေါက်တာနန်းထွမ်းလှ၊ အချိန်ပြည့် အလုပ်အမှုဆောင်ဦးကင်ဘွိုင်း၊အချိန်ပိုင်းအလုပ်အမှုဆောင်ဦးဂဲနက်စ်နှင့် တာဝန်ရှိသူများကို အစီရင်ခံ တင်ပြခဲ့ကြပါသည်။

ထို့နောက် ၂၇-၄-၂၀၁၈ မှ ၆-၆-၂၀၁၈ အထိ ရက်ပေါင်း (၄၀) ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင် (၂၂) ဦးအား မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဉက္ကဋ္ဌပါမောက္ခဒေါက်တာဒေါ်နန်းထွမ်းလှမှဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်မှ စတင်ပြီး ၂၀၁၈ ခုနှစ်ဇွန်လအထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကြက်ခြေနီစေတနာလုပ်အားရှင် ၁၁၃၇ ဦးတို့သည် ရခိုင်ပြည်နယ်တွင် လူမှုကရုဏာလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ဦးအောင်မြင့်စိုး (HV&C Dept;)

| NEWSLETTER | INFORMATION |
|---|---|
| အယ်ဒီတာချုပ် | ဦးခင်မောင်လှ |
| တာဝန်ခံအယ်ဒီတာ | ဒေါ်ရွှေစင်ကျော်စိုး |
| အယ်ဒီတာ | ဒေါ်ဆွေဆွေစိုးနိုင် |
| သတင်းတာဝန်ခံ | ဦးအောင်မြင့်စိုး |
| စာမျက်နှာဖွဲ့စည်းမှု | ဦးထောင်ဇကျင့် |
| ထုတ်ဝေသူ | ဦးခင်မောင်လှ<br>အထွေထွေအတွင်းရေးမှူး<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း |
| ပုံနှိပ်တိုက် | မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ကံကော်ပုံနှိပ်တိုက် |



# သဘာဝဘေးအန္တရာယ်တုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများအား ကြက်ခြေနီက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်



ဇွန်လ

၂၀၁၈ မေလ နောက်ဆုံးအပတ်မှ စတင်ကာ အနောက်တောင်မုတ်သုံလေ အားအလွန်ကောင်းခဲ့မှုကြောင့် မြန်မာနိုင်ငံတဝှမ်းနှင့် အထူးသဖြင့် မြန်မာပြည် တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းတိုက်ခြင်းများ၊ ရုတ်တရက် မြစ်ရေကြီးခြင်းများဖြစ်ပေါ်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပါသည်။

အဆိုပါ ရေကြီး/ရေလျှံမှုများနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် မြန်မာနိုင်ငံတဝှမ်းရှိ ဘေးအန္တရာယ် ထိခိုက် ခံစားရသော ရပ်ရွာလူထုအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကူညီဆောင်ရွက်ပေးခဲ့သည်။

ရခိုင်ပြည်နယ်၊မင်းပြားမြို့တွင် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော အိမ်ထောင်စု ၁၅၀ စုအား မင်းပြားမြို့နယ်ကြက်ခြေနီစေတနာလုပ်အားရှင်များက တာပေါ်လင်နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးသုံးပစ္စည်းများကို ထောက်ပံ့ပေးခဲ့ပါသည်။

ထို့ပြင်အမ်းမြို့နယ်တွင် ရေလွှမ်းမိုးမှုကြောင့်အိမ်များ မျောပါပျက်စီးသွားသော အိမ်ထောင်စု ၆၁ စုအတွက် အမ်းမြို့နယ်ကြက်ခြေနီစေတနာလုပ်အားရှင်များက တာပေါ်လင်၊ တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်းများကို ထောက်ပံ့ပေးခဲ့ပါသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရေလွှမ်းမှုကြောင့် ရေဘေးသင့်အိမ်ထောင်စု ၄၃၀ စုအား ကြက်ခြေနီစေတနာလုပ်အားရှင်များက ရေဘေးခိုလှုံရာစခန်းသို့ ပို့ဆောင်ပေးခြင်း၊ ရှေးဦးပြုစုခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ပြီး သံဖြူဇရပ်မြို့တွင်လည်းရထားလမ်းရေကျော်ပြီး ဆက်လက်မခုတ်မောင်းနိုင်သဖြင့် ရထားစီးခရီးသည်များအား သံဖြူဇရပ်မြို့နယ် ကြက်ခြေနီစေတနာလုပ်အားရှင်များက လိုအပ်သော အကူအညီပေးခြင်း၊ ရှေးဦးပြုစုခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ပါသည်။

မုဒုံမြို့တွင်လည်း ရေလွှမ်းမှုကြောင့် ရေဘေးသင့်အိမ်ထောင်စု ၅၂၀အား ကြက်ခြေနီစေတနာလုပ်အားရှင်များက ရေဘေးခိုလှုံရာစခန်းသို့ ပို့ဆောင်ပေးခြင်း၊ ရှေးဦးပြုစုခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးခဲ့ပါသည်။

မုတ္တမမြို့နှင့်ရေးမြို့တို့တွင်လည်း ရေလွှမ်းမှုများကြောင့် ထိခိုက်

F2B

ခံစားရသည့် ရေဘေးသင့်အိမ်ထောင်စု ၅၈၈ စုအား ကြက်ခြေနီစေတနာလုပ်အားရှင်များက ရေဘေးခိုလှုံရာစခန်းသို့ ပို့ဆောင်ပေးခြင်း၊ အရေးပေါ်ရှာဖွေကယ်ဆယ်ခြင်း၊ ရှေးဦးပြုစုခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ ထမင်းထုပ်များပေးဝေခြင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးအား ဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ပေးခြင်းနှင့် မုတ္တမတိုက်နယ် ဆေးရုံအတွင်း သန့်ရှင်းရေး ပြုလုပ်ပေးခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့တွင် မြစ်ကမ်းပါးပြိုကျသောကြောင့်ရေဘေးသင့်ပြည်သူများအတွက် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများ ထောက်ပံ့ပေးခဲ့ပါသည်။

ကချင်ပြည်နယ်ဖားကန့်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ဆိပ်မူကျေးရွာရှိ ယူမာလမ်းရေကျော်မှုကြောင့် အများပြည်သူ သွားလာရေးအဆင်မပြေမှုများ ဖြစ်ပွားခဲ့ရာ ဖားကန့်မြို့နယ်ကြက်ခြေနီအသင်းခွဲ ဆိပ်မူကျေးရွာမှ ကြက်ခြေနီစေတနာလုပ်အားရှင်များက သွားရောက်ကူညီပေးခဲ့ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီသင်းအနေဖြင့် နိုင်ငံတဝန်းရှိ ပြည်သူလူထုအတွက် ဘေးဒဏ်ကြံ့ခံနိုင်ရေးလုပ်ငန်းများကိုလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

MRCS EOC

## ထိုင်းလူငယ် ၁၃ ဦးအား မယ်ဆိုင်ဂူမှ ထွက်ပေါက်ရှိနိုင်သည့် ထိုင်း – မြန်မာနယ်စပ်တစ်လျှောက် ထိစပ်ဂယ်ပေါက်ဂူများအတွင်း ရှာဖွေရာတွင် ပါဝင်ကူညီခဲ့

တာချီလိတ်၊ ဇွန်လ

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ တာချီလိတ်ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှတာဝန်ရှိသူများနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပူးပေါင်းကာ ထိုင်းလူငယ်(၁၃)ဦး ပိတ်မိနေသည့် မယ်ဆိုင်ဂူမှ ထွက်ပေါက်ရှိနိုင်သည့် ထိုင်း–မြန်မာ နယ်စပ် တစ်လျှောက်ထိစပ်ဂယ်ပေါက်ဂူများအတွင်း ရှာဖွေခြင်းများကို ဇွန်လ ၃၀ ရက်မှ စတင်ကာ ကူညီဆောင်ရွက်ခဲ့ပါသည်။

ထိုင်းလူငယ် (၁၃)ဦးကို ထိုင်းနိုင်ငံအတွင်းမှ တာဝန်ရှိသူများနှင့် နိုင်ငံတကာမှ ကူညီသူများပူးပေါင်းပြီး နည်းလမ်းမျိုးစုံဖြင့် ကယ်ဆယ်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံဘက်ခြမ်းရှိ ရှာဖွေရေးများတွင် ကြက်ခြေနီစေတနာလုပ်အားရှင်များကလည်းပူးပေါင်း ကူညီဆောင်ရွက်ခဲ့ကြပါသည်။

ဦးဘမိုးမြင့် (တာချီလိတ်)



## ကြက်ခြေနီမှ ရေဖြူမြို့နယ် ကောင်းမူကျေးရွာ လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

ရေဖြူ၊ ဇွန်လ

၂၀၁၈ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကံပေါက်ဒေသ၊ ဖောင်းတောကျေးရွာအုပ်စု၊ ကောင်းမူကျေးရွာတွင် လေပြင်းတိုက်ခိုက်ခဲ့သောကြောင့် နေအိမ်များ ပျက်စီးခြင်းများနှင့် အိမ်အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့ပါသည်။

အဆိုပါ လေဘေးသင့် အိမ်ထောင်စုများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း ရေဖြူမြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ ဒုတပ်ဖွဲ့မှူး ဦးကျော်ကျော်သူနှင့် တပ်ဖွဲ့ဝင် (၆) ဦးတို့သည် ခမောင်းချောင်းကျေးရွာ ရွှေပါရမီလူနာတင်ယာဉ်၏ အကူအညီဖြင့် ကောင်းမူကျေးရွာသို့ သွားရောက်ပြီး ၂၀၁၈ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

ဦးကိုကိုနိုင်(ရေဖြူ)

## ရန်ကုန်မှ တောင်ကြီးသို့ မောင်းနှင်လာသော မော်တော်ယာဉ်တိမ်းမှောက်မှုတွင် ကြက်ခြေနီမှ ကူညီ







တောင်ကြီး၊ ဧပြီလ

၂၀၁၈ ခုနှစ် ဧပြီလ ၂၉ ရက်နေ့ နေ့လည် ၁၁ နာရီ ၃၀ မိနစ်အချိန်တွင် ရန်ကုန်မြို့မှတောင်ကြီးမြို့သို့ မောင်းနှင်လာသော ဘုရားဖူးယာဉ်သည် ဟဲဟိုးတီကောင်တောင်လမ်းကွေ့တွင် တိမ်းမှောက်ခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းရှမ်းပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှတပ်ဖွဲ့မှူးဦးစီး၍ ကြက်ခြေနီစေတနာလုပ်အားရှင် (၄) ဦး၊ အောင်ပန်းမြို့နယ်နှင့် ဟဲဟိုးမြို့နယ်တို့မှ ကြက်ခြေနီစေတနာလုပ်အားရှင် (၁၅)ဦးတို့သည် သွားရောက်ကူညီပြီး ရှေးဦးပြုစုခြင်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ပေးအပ်ခဲ့ကြသည်။

ထို့အပြင် ယာဉ်တိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သောလူနာများအား ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ရှိ စစ်စံထွန်းဆေးရုံသို့အချိန်မီဆေးဝါးကုသနိုင်စေရန် ကြက်ခြေနီကပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ဒေါ်ဇွန်လေးဝေ (တောင်ကြီး)



ဦးဇော်တင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ၂၀၁၇ခုနှစ် (အမျိုးသား)ထူးချွန်ဝန်ထမ်း

## မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ၂၀၁၇ ခုနှစ် (အမျိုးသား) ထူးချွန်ဝန်ထမ်း ဦးဇော်တင်

၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ထူးချွန်ဝန်ထမ်း (အမျိုးသား)အဖြစ် ရွေးချယ်ခံရသော ဦးဇော်တင် (အသက် – ၄၀) သည် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်အဖြစ် ၁၉၉၁ ခုနှစ်မှစတင်ပြီး လူမှုကရုဏာလုပ်ငန်းများပါဝင်ဆောင်ရွက်ခဲ့သည်။

၎င်းသည်နာဂစ်ပြန်လည်ထူထောင်ရေးကာလများတွင်မြန်မာနိုင်ငံကြက်ခြေနီအသင်းလပွတ္တာမြို့နယ်ရုံးခွဲမှာ အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလမှစတင်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ရခိုင်ပြည်နယ် အထူးဒေသစီမံချက် (Rakhine Special Programme) တွင် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကွင်းဆင်းအရာရှိအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် စီမံကိန်းညှိနှိုင်းရေးမှူးအဖြစ် ရာထူးတိုးမြှင့်ခံခဲ့ရသည်။

၂၀၁၇တွင် ရပ်ရွာလူထုဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး စီမံချက်၌ အသက်မွေးဝမ်းကြောင်းဆိုင်ရာ၊ ရေနှင့်သန့်ရှင်းရေး၊ ဘေးအန္တရာယ်လျှော့ပါးရေးနှင့်ကျန်းမာရေးအသိပညာပေးခြင်းတို့ကိုတာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ်အတွင်းမှာပင် မင်းပြားနှင့်မောင်တောဒေသများရှိ ကျေးရွာများအားဆန်းစစ်လေ့လာခြင်းများပြုလုပ်ပြီး စီမံချက်ကျေးရွာများကို ရွေးချယ်ပေးနိုင်ခဲ့ပြီး လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၇ခုနှစ်အတွင်းတွင်ဖြစ်ပွားခဲ့သောပဋိပက္ခများအကြားကာလများတွင်လည်း ရခိုင်အထူးစီမံချက်မှ စီမံကိန်းလုပ်ငန်းများကို အောင်မြင်စွာ စွမ်းစွမ်းတမံ ကြိုးစားအကောင်အထည်ဖော် လုပ်ဆောင်နိုင်ခဲ့ခြင်းအတွက် ဦးဇော်တင့်အား မြန်မာနိုင်ငံကြက်ခြေနီအသင်းက ၂၀၁၇ခုနှစ်အတွက် ထူးချွန်ဝန်ထမ်း အဖြစ် ရွေးချယ်ချီးမြှင့်ခဲ့သည်။



ဒေါ်လင်းအောင်အွယ်
မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ၂၀၁၇ ခုနှစ် (အမျိုးသမီး) ထူးချွန်ဝန်ထမ်း

## မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ၂၀၁၇ ခုနှစ် (အမျိုးသမီး) ထူးချွန်ဝန်ထမ်း ဒေါ်လင်းအောင်အွယ်

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ၂၀၁၇ခုနှစ်ထူးချွန်ဝန်ထမ်း (အမျိုးသမီး)အဖြစ် ရွေးချယ်ခံရသော ဒေါ်လင်းအောင်အွယ် (အသက်–၃၆) သည် လူမှုကရုဏာ လုပ်ငန်းများကို ချင်းပြည်နယ် မင်းတပ်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်အဖြစ် ၂၀၀၄ ခုနှစ်မှစတင်ပြီး ပါဝင်ဆောင်ရွက်ခဲ့သည်။

၎င်းသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဦးစီးဆောင်ရွက်နေသော မိခင်၊ မွေးကင်းစနှင့် ကလေးငယ်စောင့်ရှောက်ရေးစီမံချက် 3MDG/MNCH project တွင် ၂၀၁၄ ခုနှစ်မှစတင်ပြီး ကွင်းဆင်းကြီးကြပ်ရေးမှူးရာထူးဖြင့် မင်းတပ်မြို့နယ်တွင်းရှိ ကျေးရွာပေါင်း (၁၉၄) ရွာထဲမှ ဝေးလံခေါင်ပါးသော ရွာများအထိပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်း ဆောင်ခဲ့ပါသည်။

၂၀၁၄–၂၀၁၅ ခုနှစ်တွင်းကျေးရွာပေါင်း(၃၀)ရွာ၊ ၂၀၁၆ ခုနှစ်တွင် ကျေးရွာပေါင်း(၂၂)ရွာ၊ ၂၀၁၇ခုနှစ်တွင်ဝေးလံခေါင်ဖျားကျေးရွာ(၁၂)ရွာနှင့် ၂၀၁၈ ခုနှစ် လက်ရှိတာဝန်ယူဆောင်ရွက်ရသည့် ကျေးရွာပေါင်း (၃၈)ရွာတို့တွင် Monthly Work Plan အတိုင်း လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။

အထူးသဖြင့် မိုးတွင်းကာလနှင့် ရောက်ရှိရန် ခက်ခဲသော ကျေးရွာများသို့ စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင် ခက်ခဲစွာ သွားရောက်ပြီး စွမ်းစွမ်းတမံ ကြိုးစားအကောင်အထည်ဖော် လုပ်ဆောင်နိုင်ခဲ့ခြင်းအတွက် ဒေါ်လင်းအောင်အွယ်အား မြန်မာနိုင်ငံကြက်ခြေနီအသင်းက ၂၀၁၇ ခုနှစ်အတွက် အမျိုးသမီး ထူးချွန်ဝန်ထမ်းအဖြစ် ရွေးချယ်ချီးမြှင့်ခဲ့သည်။

ဦးအောင်မြင့်ရိုး (HV&C Dept;)

## မေလအတွက်ချီးကျူးဂုဏ်ပြုထိုက်သူများအဖြစ်သတ်မှတ်ခံရသည့်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်(၄၅)ဦးအားမြန်မာနိုင်ငံကြက်ခြေနီအသင်းမှဝမ်းမြောက်ဂုဏ်ယူ

မေလအတွက်ချီးကျူးဂုဏ်ပြုထိုက်သူများအဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ထိန်ပင်သုသာန်အနီး၊ ထိန်ပင်အမှိုက်ပုံမီးငြိမ်းသတ်ရာတွင် စွမ်းစွမ်းတမံပူးပေါင်းပါဝင်ပြီး မီးငြိမ်းသတ်သူများအားရေးဦးပြုစုခြင်းနှင့် အခြားလိုအပ်ချက်များကို နေ့/ညမပျက် ကူညီဆောင်ရွက်ပေးခဲ့ကြသောမြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်(၄၉)ဦးအား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ၂၀၁၈ ခုနှစ်၊ မေလ ၁၃ ရက်နေ့က ထုတ်ပြန်သောပြည်သူသို့ကျေးဇူးတင်လွှာတွင် မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူများအဖြစ် သတ်မှတ်ခံရခြင်းအတွက်မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့်ဝမ်းမြောက်ဂုဏ်ယူပါသည်။

အဆိုပါ ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှုသည် ၂၃၄၂၀၁၈ ရက်နေ့တွင် စတင်ခဲ့ပြီး ပူပြင်းခြောက်သွေ့သော နွေရာသီဖြစ်ခြင်း၊ အမှိုက်ပုံ၏ ဧရိယာနှင့် ထုထည်ကြီးမားခြင်း၊ အမှိုက်ပုံ၏အောက်ခြေနှင့် အတွင်းပိုင်းတွင် လိုက်ပြီး လောက်ကျွမ်းခြင်းတို့ကြောင့် စက်ယန္တယားနှင့် လူအင်အားများစွာဖြင့် ကြိုးပမ်းငြိမ်းသတ်ခဲ့ကြရပြီး ၂၅၂၀၁၈ ရက်နေ့တွင် အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

Myanmar Red Cross Society
American Red Cross

# ရေလွှမ်းမိုးမှုဖြစ်လာလျှင် ဘာလုပ်ရမလဲ

## ရေလွှမ်းမိုးမှုမဖြစ်မီ





- ရေလွှမ်းမိုးမှုသတိပေးအကြောင်းကြားချက်များနှင့် ပုံမှန်ထုတ်လွှင့်နေကျ မိုးလေဝသ သတင်းများကို အမြဲမပြတ်နားထောင်ပါ။
- အကယ်၍ သင်သည် ထူးကဲ့ဒီရေတက်နိုင်သော ဒေသတွင်နေထိုင်ပါက ရေတက်ရေကျ သိနိုင်သည့် ပြက္ခဒိန်တစ်ခု ဆောင်ထားပါ။
- မိမိနေအိမ်ကို အခြေခံအုတ်မြစ်မှစ၍ ခိုင်မာစွာတည်ဆောက်ပါ။
- သောက်ရေနှင့် ကြာရှည်ခံ အစားအစာတို့ကို သုံးရက်စာခန့် စုဆောင်းထားပါ။
- ရေဘူး၊ ပြဒါးတိုင်ဓာတ်မီးနှင့်အိမ်သုံးဆေးဝါးတို့ကို စုဆောင်းပါ။
- အိမ်ထောင်ပရိဘောဂ အသုံးအဆောင်များကို ရေလွတ်သည့်အမြင့်၌ထားပါ။
- လိုအပ်လာပါက ရွှေ့ပြောင်းနေထိုင်နိုင်ရန် နေရာရှာဖွေသတ်မှတ်ထားပါ။
- မွေးစာရင်း၊ သန်းခေါင်စာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား စသော အရေးကြီးသည့် စာရွက်စာတမ်းများကို ရေစိုခံသော ပလတ်စတစ်အိတ်တွင် ထည့်ထားပါ။
- မသန်မစွမ်းသူများ၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများကို အထူးစောင့်ရှောက်ပေးပါ။

## ရေတက်နေစဉ်အချိန်







- အန္တရာယ်ရှိ၍ ပြောင်းရွှေ့ရန် လိုအပ်ပါက စနစ်တကျပြောင်းရွှေ့ပါ။
- အစားအစာများကို သေချာစွာချက်ပြုတ်ပါ၊ စနစ်တကျဖုံးအုပ်ပါ။
- မတော်တဆ ထိခိုက်ဒဏ်ရာများနှင့် ရေကြောင့် ကူးစက်တတ်သော ရောဂါများ မဖြစ်ပွားစေရန် ရေနှင့်အတူ ပါလာသော အဆိပ်ရှိသတ္တဝါများ၊ တုပ်ခြင်း၊ ကိုက်ခြင်းတို့ကို သတိထားပါ၊ သတ်မှတ်ထားသော ဆုံရပ်သို့သွားပါ။
- မလိုအပ်ဘဲရေကိုမစမ်းပါနှင့်၊ အိမ်ထဲတွင်နေပါ။
- လျှပ်စစ်မိန်းခလုတ်ကိုပိတ်ပါ၊ အိမ်ထဲမှထွက်ခွာရမည်ဆိုလျှင် လုံခြုံရေးအတွက် တံခါးနှင့်ပြတင်းပေါက်များ ပိတ်ပါ။

## ရေပြန်ကျသွားသည့်အချိန်





- ရေပြန်ကျပြီးနောက် ရေကြီးခဲ့သော ဒေသ/နေရာ အဆောက်အအုံသို့ ချက်ခြင်းပြန်မသွားရ။
- အိမ်သို့ပြန်လာသည့်အချိန် လက်နှိပ်ဓာတ်မီး အသုံးပြုပါ။
- သင်၏နေအိမ်အနီး လျှပ်စစ်ဓာတ်ကြိုးများ တယ်လီဖုန်းကြိုးများပြတ်ကျနေသည်ကို တွေ့ရှိပါက သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားပါ။
- ရေမြုပ်နေသော လျှပ်စစ်အသုံးပြုပစ္စည်းများရှိပါက ခလုတ်မဖွင့်ပါနှင့်၊ လျှပ်စစ်ကျွမ်းကျင်သူအား အရင်ပြသ စစ်ဆေးစေပါ။
- ရေကို ကျိုချက်သောက်ပါ။

**ဘေးဒုက္ခကျရောက်သော ဒေသသို့ အကြောင်းကိစ္စမရှိဘဲ မသွားပါနဲ့ အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပါသည်။**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ပူးပေါင်းဆောင်ရွက်ချက်ဖြင့် ပုံနှိပ်ထုတ်ဝေသည်။

# ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ကြက်ခြေနီနေ့အခါသမယတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူမှ ပေးပို့သည့်သဝဏ်လွှာ



ချစ်ခင်လေးစားအပ်ပါတဲ့ ကြက်ခြေနီစေတနာ့လုပ်အားရှင်များရှင် ယနေ့မေလ(၈)ရက်နေ့ဟာ နှစ်(၇၀)မြောက် ကမ္ဘာ့ကြက်ခြေနီနေ့ အခါသမယ ဖြစ်ပါတယ်။ ယနေ့ကမ္ဘာတစ်ဝန်း ကျယ်ပြန့်စွာတည်ရှိနေတဲ့ အမျိုးသား အသင်းပေါင်း(၁၉၁)သင်းနဲ့ ဖွဲ့စည်းထားတဲ့ ကြက်ခြေနီလူမှုကရုဏာ ကွန်ယက်ကြီးကိုစတင်တည်ထောင်ခဲ့သူ ဟင်နရီဒူးနန့်ရဲ့ မွေးနေ့လည်းဖြစ်တဲ့ အတွက် ထူးခြားတဲ့နေ့ဖြစ်ပါတယ်။ ဒီလိုထူးခြားတဲ့နေ့မှာမြန်မာနိုင်ငံ တစ်ဝန်း ရှိ ကြက်ခြေနီစေတနာ့လုပ်အားရှင်များနဲ့ ပြည်သူအပေါင်း ကျက်သရေ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

၁၉၄၈ ခုနှစ်မှစတင်ကာ နှစ်စဉ် ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသား ကြက်ခြေနီအသင်းတွေဟာ မေလ(၈)ရက်နေ့ရောက်တိုင်း ထူးခြားတဲ့ နေ့ထူးနေ့မြတ်အထိမ်းအမှတ်အဖြစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားများ ကို ကျင်းပလေ့ရှိကြပါတယ်။ ဒီအခမ်းအနားမှာ အကူအညီ လိုအပ်သူတွေ အတွက် လူမှုကရုဏာလုပ်ငန်းတွေကို မွန်မြတ်တဲ့စိတ်ဓါတ်နဲ့ ကိုယ်ကျိုးမဖက် စွမ်းစွမ်းတမံ ကူညီဆောင် ရွက်ခဲ့ကြသူများကို မှတ်တမ်းတင် ဂုဏ်ပြုတဲ့ နေ့မြတ်လည်း ဖြစ်ပါတယ်။

ယနေ့ ကမ္ဘာကြီးရဲ့ ရာသီဥတု ပြောင်းလဲမှုတွေကြောင့် နှစ်စဉ် နေရာဒေသတွေမှာ သဘာဝဘေးအန္တရာယ် အမျိုးမျိုးရဲ့ ရိုက်ခတ်တဲ့ဒဏ် တွေကို လူအများကြုံတွေ့ခံစားနေကြရသလို တဖက်ကလည်းလူအချင်းချင်း ပဋိပက္ခတွေ တိုက်ပွဲတွေကြောင့် နေရပ်စွန့်ခွာ နေကြရပြီး အတိဒုက္ခတွေ ရင်ဆိုင် ခံစားနေကြရပါတယ်။

ဒီလိုကြုံတွေ့ခံစားနေရတဲ့မည်သူ့ကိုမဆို စေတနာ့လုပ်အားရှင်များ အနေနဲ့ အခြေခံမူ (၇)ချက်ကို ရင်ဝယ်ပိုက်ကာ ခွဲခြားခြင်း၊ ဘက်လိုက်ခြင်း အလျဥ်းမရှိဘဲ လူသားအားလုံးအတွက် အစဥ်အမြဲ ကူညီဆောင်ရွက်ပေးရန် အသင့်ရှိနေပြီး လူသားချင်းစာနာထောက်ထားတဲ့ စိတ်ဓါတ် အပြည့်အဝနဲ့ နှစ်စဉ် လူဦးရေသန်းပေါင်းများစွာအတွက် လူမှုကရုဏာ အကူအညီများ ပေးလျက် ရှိပါတယ်။

မြန်မာနိုင်ငံမှာ ဆိုရင်လည်း ကြက်ခြေနီ စေတနာ့လုပ်အားရှင်များ ဟာ နိုင်ငံတစ်ဝန်း အကူအညီလိုအပ်သူများအတွက် ကိုယ်ကျိုးမဖက် မေတ္တာ စေတနာအရင်းခံဖြင့် ခွဲခြားမှုမရှိဘဲ အချိန်နှင့်တစ်ပြေးညီ အကူအညီများ ပေးလျက်ရှိတာကိုလေးစားအားတက်ဖွယ် တွေ့မြင်နေရပါတယ်။ နိုင်ငံတကာ က အမျိုးသားအသင်းတွေအကြား မြန်မာနိုင်ငံကြက်ခြေနီအသင်း စေတနာ့ လုပ်အားရှင်တွေရဲ့ စွမ်းဆောင်ချက် တွေကြောင့် ဂုဏ်ယူ ဝင့်ကြွားရပါတယ်။

ချစ်ခင်လေးစားအပ်ပါတဲ့ကြက်ခြေနီစေတနာ့လုပ်အားရှင်များရှင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုရဲ့ မဟာဗျူဟာကို အကောင်အထည် ဖော်ရာမှာ အဓိကအားထားရပါတဲ့ ကျွန်မတို့ရဲ့ စေတနာ့ လုပ်အားရှင်များအပေါ် မှုတည်နေပါတယ်။ လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာ တန်ဖိုးထားမှုတွေကို လူအများနားလည်ကြဖို့နဲ့ အသိပညာတိုးပွား အောင် ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ အများမျှော်လင့် တောင့်တနေတဲ့ ရပ်ရွာလူထုကိုယ်တိုင် ကျန်းမာပြီး ဘေးကင်းလုံခြုံတဲ့ ငြိမ်းချမ်းသော လူ့ဘောင် တစ်ရပ် ဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။

ယခုနှစ် ၂၀၁၈ ခုနှစ်အတွက် ရွေးချယ်ထားတဲ့ ကမ္ဘာ့ကြက်ခြေနီ နေ့ ဆောင်ပုဒ်ကတော့ "Everywhere for Everyone" မြန်မာလိုဆိုရင် ''လူတိုင်းအတွက် အမြဲကူညီ နေရာတိုင်းမှာ ကြက်ခြေနီ'' ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းတွေအနေနဲ့ ကမ္ဘာ့နိုင်ငံ အသီးသီးက မတူညီတဲ့ သဘာဝ ဘေးအန္တရာယ်တွေ ပဋိပက္ခတွေ တိုက်ပွဲ တွေစတဲ့ အမျိုးမျိုး သော ကွဲပြားမှုတွေ ကြားမှာ အကူအညီ လိုအပ်သူတွေကို နေရာမရွေး၊ အချိန်မရွေး သွားရောက် ကူညီဆောင်ရွက်ပေးနေတာကို အများ ပြည်သူ ပိုမိုသိရှိအောင် မီးမောင်းထိုးပြတဲ့အနေနဲ့ ဒီဆောင်ပုဒ်ကို ရွေးချယ် သတ်မှတ်ထားခြင်းဖြစ်ပါတယ်။ တဆက်တည်းမှာပဲ ဆောင်ပုဒ်ကို ပိုမို အသက်ဝင်စေမယ့် လူသားအားလုံး နှစ်သက်ကြတဲ့ "Smile" ''အပြုံး''ကို ဆောင်ပုဒ်နဲ့အတူ မျှဝေထားပါတယ်။ ''အပြုံး''ဆိုတာ လူတိုင်းအတွက် ပျော်ရွှင်မှု၊ စိတ်ကျေနပ်မှု၊ စိတ်သက်သာမှုကို ဖော်ဆောင်တဲ့အမှတ်သင်္ကေတ တစ်ခုဖြစ်ပါတယ်။

ကျွန်မတို့ ကြက်ခြေနီစေတနာ့လုပ်အားရှင်များဟာ မည်ကဲ့သို့ သော ဘေးအန္တရာယ်၊ အခက်အခဲတွေ ကြုံတွေ့ စေကာမူ ပြည်သူတွေဆီက တန်ပြန် ရလိုက်တဲ့''အပြုံး'' တစ်ချက်ဟာ စေတနာ့လုပ်အားရှင်များအတွက် ဘာနဲ့မှ မလဲနိုင်တဲ့ ခွန်အားတစ်ရပ် ဖြစ်သလို ပြည်သူတွေဘက်ကလည်း လာရောက် ကူညီပေးကြသူတွေရဲ့ ''အပြုံး'' ဟာလည်း ခံစားနေရတာတွေ လျော့နည်း သက်သာစေတဲ့ အားဆေးတစ်ခွက်လည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် လူမှုကရုဏာလုပ်ငန်းတွေကို ဆောင်ရွက်နေကြတဲ့ ကျွန်မတို့ စေတနာ့လုပ်အားရှင်တွေ၊ ဝန်ထမ်းတွေ အနေနဲ့ ''အပြုံး'' ကို ဆောင်ကာ စွမ်းအားပြည့် ဆောင်ရွက်ပေးကြပါလို့ ပြောကြားချင်ပါတယ်။

ကမ္ဘာပေါ်ရှိ စေတနာ့လုပ်အားရှင်တွေဟာ ကြက်ခြေနီလှုပ်ရှားမှု ကွန်ယက်မှတဆင့် လွတ်လပ်စွာနဲ့ လူမှုကရုဏာလုပ်ငန်းတွေကိုဆောင် ရွက်နေကြပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကျန်းမာပြီး ဘေးကင်းလုံခြုံတဲ့ ရပ်ရွာလူထုများ ဖြစ်လာစေရေး၊ ဘေးအန္တရာယ် လျော့ချနိုင်ရေး၊ ဘေးဒဏ် ကြံ့ကြံ့ခံနိုင်မှုကို ပိုမိုမြှင့်တင်နိုင်ရေးနဲ့ ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းတဲ့ ယဥ်ကျေးမှု လူ့ဘောင် ဖြစ်ထွန်းလာရေးတို့ကို အထူးအလေးထား ဆောင်ရွက်နေကြပါ တယ်။ ကမ္ဘာတစ်ဝန်းမှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီလခြမ်းနီ လှုပ်ရှားမှု အနေနဲ့ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေး၊ ပြန်လည်ထူထောင် ရေး၊ ပဋိပက္ခနဲ့ အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံစားရသူတွေကို အမြန်ဆုံး ထိရောက်စွာ အကူအညီပေးနေကြပါတယ်။

ကြက်ခြေနီဆိုတာ စေတနာ၊ ဝါသနာကို အရင်းခံကာ အနစ်နာ၊ ကရုဏာ၊ စာနာစိတ်နဲ့ ကြက်ခြေနီ အခြေခံမူများနဲ့အညီ အကျိုးရှိရှိ ဦးတည်ချက် မပျောက်ဘဲ ညီညွတ်စွာ ဆောင်ရွက်ကြရမှာဖြစ်သလို နိုင်ငံရဲ့ ဂုဏ်သိက္ခာ၊ အသင်းရဲ့ ဂုဏ်သိက္ခာ၊ မိမိတို့ တစ်ဦးချင်းရဲ့ဂုဏ်သိက္ခာကိုပါ စောင့်သိထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ယနေ့ခေတ် ပြောင်းလဲ တိုးတက်လာတဲ့ဆက်သွယ်ရေးနည်းပညာတွေအရ လူမှုကွန်ယက်အသုံးပြုမှု တွေ များပြားလာတာနဲ့အမျှ အသင်းရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့ အသုံး အနှုန်း၊ ရေးသားဖော်ပြမှု၊ ကြက်ခြေနီအမှတ်အသား လွဲမှားစွာအသုံးပြုမှု တွေကို သတိပြု ထိန်းသိမ်း ပေးကြဖို့ အထူးမှာကြားလိုပါတယ်။

ဒါမှသာ မိမိတို့ စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးမှုတွေအပေါ် အများရဲ့ ယုံကြည်လက်ခံမှုကို ပိုမိုတိုးတက်စေမှာ ဖြစ်ပါတယ်။ စေတနာ လုပ်အားရှင်များ အနေနဲ့လည်း အကူအညီပေးတဲ့အခါ မိမိတို့ရဲ့ အသက် အန္တရာယ်နဲ့ ဘေးကင်းလုံခြုံရေးကလည်း အရေးကြီးတဲ့အတွက် သတိဝီရိယနဲ့ ဆောင်ရွက်ကြဖို့လည်း မှာကြားလိုပါတယ်။

ချစ်ခင်လေးစားအပ်ပါတဲ့ ကြက်ခြေနီစေတနာလုပ်အားရှင်များရှင် ယခုလို မှန်မြတ်တဲ့ အခါသမယမှာ ကြက်ခြေနီစေတနာလုပ်အားရှင်များ အနေနဲ့ ကြုံတွေ့လာရတဲ့ သဘာဝဘေးအန္တရာယ်တွေကို ရပ်ရွာလူထု ကိုယ်တိုင် ဘေးဒဏ်ကြံကြံခံနိုင်စွမ်း ပိုမိုမြှင့်တင်နိုင်မည့် အသိပညာဗဟုသုတ တွေကို မျှဝေပေးကြပါ။ တိုးတက်နေတဲ့ နည်းပညာတွေကိုလည်း လေ့လာကြ ပါ။ ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများတွင် ပြည်သူလူထုကိုယ်တိုင် ပါဝင်ဖို့နဲ့ လူမှုအဖွဲ့အစည်းများအားလုံး ပူးပေါင်းလာအောင် ကြက်ခြေနီက ပေါင်းကူတံတားအဖြစ် ဥပဒေ၊ နည်းဥပဒေများနဲ့အညီ ရေ့လုပ်ငန်းစဉ်များကို အတူအကွ ရေးဆွဲကြပါ။ မိမိတို့မြို့နယ် ကြက်ခြေနီ အသင်းခွဲတွေရဲ့ တိုးတက် ဖွံ့ဖြိုးဖို့ အားစိုက်ဆောင်ရွက်ပေးကြပါ။ နိုင်ငံတော်ရဲ့ လူမှုကရုဏာ လုပ်ငန်း အခန်းကဏ္ဍတွေမှာ ကြက်ခြေနီ အနေနဲ့ တထောင့်တနေရာက နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ဘေးကင်းလုံခြုံစွာနဲ့ ဆောင်ရွက်ပေးနိုင်ကြပါစေကြောင်း မင်္ဂလာရှိလှတဲ့ ကမ္ဘာ့ကြက်ခြေနီနေ့ အခါသမယမှာ ကိုယ်စိတ်နှလုံး ရွှင်ပြုံး စွာဖြင့် ဆန္ဒပြု ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ပါမောက္ခ ဒေါက်တာဒေါ်မြသူ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကြက်ခြေနီအသင်း
(၈-၅-၂၀၁၈)

## ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် ကြက်ခြေနီမှ သွေးလှူဒါန်း

ဇွန်လ

၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ သွေးလှူရှင်များနေ့အား ဂုဏ်ပြုသောအားဖြင့် ဇွန်လ ၁၄ ရက်နှင့် ၁၅ ရက်နေ့ များတွင် မြို့နယ်အသီးသီးရှိကြက်ခြေနီအသင်းခွဲများ၊ တက္ကသိုလ်ကြက်ခြေနီ အသင်းခွဲများမှ စုပေါင်းသွေးလှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြပါသည်။









စာမျက်နှာ(၁၅)မှအဆက်

မြင်သာ ပေါ်လွင်ထင်ရှားစေခဲ့ပါသည်။ ကြက်ခြေနီသည် လူမှုကရုဏာ လုပ်ငန်းများကို မည်သည့်အဖွဲ့အစည်း၏ ခိုင်းစေမှု၊ မည်သည့် နှောင်ဖွဲ့မှုမျှမပါ၊ ဒေသန္တရအုပ်ချုပ်မှု၏ ဖိအားပေးမှုမရှိ အရောင်အသွေး ကင်းရှင်းစွာ လွတ်လပ်မှုများနှင့် ကူညီရေး၊ ကယ်ဆယ်ရေး၊ ပြုစုစောင့် ရှောက်ရေးများကို ဆောင်ရွက်လျက်ရှိပါသည်။

အချုပ်အားဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကြက်ခြေနီ အသင်းခွဲများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များ၊ စေတနာလုပ်အားရှင်များဖြင့် ဖွဲ့စည်းထားပြီးနိုင်ငံတစ်ဝန်းလွှမ်းခြုံကာဘေးဒုက္ခရောက်နေသူ၊ အကူအညီ လိုအပ်သူများအား လူသားချင်းစာနာထောက်ထားကာ ကိုယ်ချင်းစာစိတ်ဖြင့် စောင့်ထိန်းအပ်သည့် အခြေခံမူ (၇)ချက်နှင့်အညီ အစိုးရမဟုတ်သော နိုင်ငံသူ နိုင်ငံသားတို့အတွက် လူမှုကရုဏာလုပ်ငန်းအခန်းကဏ္ဍများတွင် သာ အရံအင်အားသဖွယ် ရှိနေပါသည်။

မည်သို့ပင်ဆိုစေ အစိုးရအဖွဲ့အစည်း မဟုတ်သော "ကြက်ခြေနီ သည် လူမှုကရုဏာလုပ်ငန်းမှတစ်ပါး အခြားမရှိ" ပါတကား။

## ကြက်ခြေနီမှ ဝိုင်းမော်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာ အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

ဝိုင်းမော်မြို့၊ ဇွန်လ

၂၀၁၈ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ကချင်ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဂဲနက်စ် ဦးဆောင်သော ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များသည် ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့်အတူ ဝိုင်းမော်မြို့နယ်အတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်း (၇)ခုမှ အိမ်ထောင်စု ၉၅ စုအား ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ် ခဲ့ကြပါသည်။

ထောက်ပံ့ပစ္စည်းများအဖြစ် အမျိုးသမီးသုံးပစ္စည်းများ၊ အဆောက် အဦသုံး ပစ္စည်းများ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများနှင့် ရေပုံးများ ကို ထောက်ပံ့ပေးအပ်ခဲ့ကြပါသည်။

ထို့အပြင် တာဝန်ရှိသူများက နေရပ်စွန့်ခွာ အိမ်ထောင်စုများကို အားပေးစကားများ ပြောကြားကာ လိုအပ်သည်များကို မေးမြန်း ထောက်ပံ့ ပေးအပ် ခဲ့ကြကြောင်း သတင်းရရှိပါသည်။

ကချင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ



## ကြက်ခြေနီမှ ပဲခူးမြို့တွင် ကြက်ခြေနီအသိပညာ ပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



ပဲခူး၊ ဖွန်လ

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့ပူးပေါင်း ဖွင့်လှစ်သည့် ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးကို ၂၀၁၈ ခုနှစ် ဖွန်လ ၂၆ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ သီရိဟံသာခန်းမတွင် ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူနှင့် တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌဦးမြင့်လွင်၊ တိုင်းဒေသကြီးကြက်ခြေနီ သူနာပြုတပ်ဖွဲ့ တိုင်းတပ်ဖွဲ့မှူး ဒေါက်တာနေမျိုးနှင့် ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်ကြက်ခြေနီအမှုဆောင် အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးမြင့်လွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဖွန်လ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်အတွင်းရှိမြို့နယ်(၁၄)မြို့နယ်တို့မှ မြို့နယ်ကြက်ခြေနီအသင်းခွဲ အမှုဆောင်အဖွဲ့ဝင် စုစုပေါင်း(၅၄) ဦး တက်ရောက်ဆွေးနွေးခဲ့ပါသည်။

ဒေါ်တိုးတိုးအေး (HV&C Dept;)

## ကြက်ခြေနီမှ ဟသ်ာတမြို့နယ်တွင် ဘဏ္ဍာရေး စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်



ဟသ်ာတ၊ ဖွန်လ

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန မြို့ပြဘေးအန္တရာယ်ကြံ့ခိုင်နိုင်မှု အစီအစဉ်မှ ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကို ၂၀၁၈ ခုနှစ် ဖွန်လ ၂၇ ရက်နေ့တွင် ဟသ်ာတမြို့၌ ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ဟသ်ာတမြို့နယ် စီမံချက် ရပ်ကွက် (၄) ရပ်ကွက်နှင့် ကျေးရွာ (၆) ရွာမှ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် မြို့နယ်ကြက်ခြေနီစေတနာလုပ်အားရှင် (၃၃)ဦးတို့အား ဘဏ္ဍာရေး စီမံခန့်ခွဲမှုနှင့် ငွေကြေး၊ စာရင်းဇယားများ စနစ်တကျ ထိန်းသိမ်းတတ်စေရန်နှင့် ဘဏ္ဍာရေး အစီရင်ခံစာများ စနစ်တကျ ပေးပို့နိုင်စေရန် စနစ်တကျ လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။

ထို့အပြင် ရပ်ကွက်/ကျေးရွာရှိ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်များအား ဘဏ္ဍာရေးစီမံခန့်ခွဲမှုများ စနစ်တကျပြုလုပ်နိုင်ရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့ပစ္စည်းများအဖြစ် အစည်းအဝေး မှတ်တမ်းဖိုင်၊ ငွေစရင်းဖိုင်၊ ဘဏ်စရင်းဖိုင်၊ ငွေစု/ချေးငွေ လုပ်ငန်းဖိုင်၊ လချုပ်မှတ်တမ်းဖိုင်၊ ငွေရပြေစာ စာအုပ် (၅) အုပ်၊ ဖောက်စက်၊ ချုပ်စက်နှင့် ချုပ်ပင်များလည်း ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကို ၂၀၁၈ ခုနှစ် ဖွန်လ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ သင်တန်း နည်းပြ ဆရာ/ဆရာမများမှ စာတွေ့ လက်တွေ့ စနစ်တကျ လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

ဦးရွှေသွေး (ဟသ်ာတ)

## ကြက်ခြေနီမှ လှိုင်ကော်မြို့တွင် Resource Mobilization Capacity Development Workshop ပြုလုပ်

လှိုင်ကော်၊ ဖွန်လ

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အရင်းအမြစ်စုစည်းအသုံးချရေး ဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုကျော် ဦးဆောင်၍ အရင်းအမြစ်စုစည်း အသုံးချရေး စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ Resource Mobilization Capacity Development Workshop ကို ကယားပြည်နယ်၊ လှိုင်ကော်မြို့ရှိ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးခန်းမတွင် ပြုလုပ်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကယားပြည်နယ် ဘောလခဲ၊ ရှားတော၊ ဖရူဆို၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်ကြက်ခြေနီအသင်းခွဲများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အတွင်းရေးမှူးများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် သင်တန်းသား/သူ စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ကြပါသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဖွန်လ ၂၃ ရက်မှ ၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဦးဖြိုးသက်နိုင် (RM Dept;)

## စစ်တွေမြို့တွင် ရှေးဦးပြုစုခြင်းနည်းပြသင်တန်းဖွင့်လှစ်





စစ်တွေ၊ ဖွန်လ

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း နည်းပြသင်တန်းကို ၂၀၁၈ခုနှစ် ဖွန်လ ၁၁ ရက်နေ့တွင် စစ်တွေမြို့ မင်းသူရိယခန်းမ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ရခိုင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုလေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ တာဝန်ရှိသူက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အမှတ်တရဓါတ်ပုံရိုက်ကူးကာ ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

အဆိုပါ ရှေးဦးပြုစုခြင်းနည်းပြသင်တန်းကို ၂၀၁၈ခုနှစ် ဖွန်လ ၁၁ ရက်မှ ၁၈ ရက်နေ့အထိ ပလက်ဝ၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ အမ်း၊ ရမ်းဗြဲမြို့နယ်များမှ သင်တန်းသား/သူ (၃၅) ဦးအား စာတွေ့ လက်တွေ့ စနစ်တကျ လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။

ဦးစိန်မြင့် (စစ်တွေ)

## မကွေးတက္ကသိုလ်တွင် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်လှစ်





မကွေး၊ ဖွန်လ

မြန်မာနိုင်ငံကြက်ခြေနီအသင်း မကွေးတက္ကသိုလ်ကြက်ခြေနီအသင်းခွဲမှ ရှေးဦးပြုစုခြင်းအခြေခံ သင်တန်းကို မကွေးမြို့ မကွေးတက္ကသိုလ် ဓာတုဗေဒဌာနတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦး၊ ဒုတိယပါမောက္ခချုပ်များ၊ မကွေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ တိုင်းတပ်ဖွဲ့မှူးဦးကျော်နိုင်ဦးနှင့် နည်းပြများ၊ မကွေးတက္ကသိုလ် ဌာနအသီးသီးမှ ဌာနမှူးဆရာ/ဆရာမကြီးများ၊ မကွေးတက္ကသိုလ်ကြက်ခြေနီအသင်းခွဲမှ ဆရာ/ ဆရာမများ၊ သင်တန်းသား/သူများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးပြုစုခြင်းအခြေခံသင်တန်းကို ၂၀၁၈ ခုနှစ် ဖွန်လ ၂၅ ရက်မှ ဇူလိုင်လ ၇ ရက်နေ့အထိ နှစ်ကြိမ်ခွဲဖွင့်လှစ်ခဲ့ကာ သင်တန်းသား/သူ စုစုပေါင်း ၂၀၀ ဦးအား စနစ်တကျ လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

ဦးညီညီဇေ (မကွေး)

## သံတွဲမြို့တွင် အရေးပေါ် တုံ့ပြန်ကယ်ဆယ်ရေးသင်တန်းဖွင့်လှစ်

သံတွဲ၊ မေလ

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် အရေးပေါ်တုံ့ပြန်ကယ်ဆယ်ရေးသင်တန်း (Emergency Response Team Training) ကို ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့ရှိ အထက (ငပလီ) ကျောင်းခန်းမ၌ ဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ရခိုင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌဦးကိုကိုလေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမော်က သင်တန်းဖွင့်လှစ်ခြင်း၊ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ဒုတိယညှိနှိုင်းရေးမှူး ဦးအောင်မိုးကျော်ကလည်း အမှာစကားပြောကြားခဲ့ပါသည်။

အရေးပေါ်တုံ့ပြန်ရေးသင်တန်းတွင် ရခိုင်ပြည်နယ်မှ မြို့နယ် (၁၆) မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့မှ သင်တန်းသား/ သင်တန်းသူ စုစုပေါင်း(၃၁) ဦး တက်ရောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေလ ၂၈ ရက်မှ ဖွန်လ ၁ ရက်နေ့ထိ ၅ ရက်တာစာတွေ့လက်တွေ့များဖြင့် လေ့ကျင့်သင်ကြားခဲ့ကြပါသည်။

ဦးကျော်ဇင်ထက် (သံတွဲ)



# ကြက်ခြေနီမှ သာပေါင်းမြို့နယ်၊ သက်နန်းပင်ဆိပ်ကျေးရွာတွင် ရပ်ရွာအတွင်း ဘေးကင်းလုံခြုံစေသည့် အစီအစဉ်များရေးဆွဲခြင်းနှင့် သဘာဝဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်း ပြုလုပ်






သာပေါင်း၊ ဇွန်လ

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ သာပေါင်းမြို့နယ် ကြက်ခြေနီအသင်းခွဲ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးညီညီနိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်စုမှူး ဦးဇော်ဝင်းနိုင်နှင့် ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် ရပ်ရွာအတွင်း ဘေးကင်းလုံခြုံစေသည့် အစီအစဉ်များရေးဆွဲခြင်းနှင့် သဘာဝဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ဇီးပင်ကွင်းကျေးရွာတွင် ၂၀၁၈ ခုနှစ် ဇွန်လ ၁၆ ရက်နေ့နှင့် ၁၇ ရက်နေ့များတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှုတွင် မိုးလေဝသမှ သတင်းထုတ်ပြန်ချက်များကို ကော်မတီမှ ကြေငြာခြင်း၊ ခိုလှုံရာစခန်းသို့ သွားရောက်ရမည့် လမ်းကြောင်းပြမြေပုံ ရေးဆွဲထားရှိခြင်း၊ သက်ကြီးရွယ်အိုများနှင့် ဘေးဒုက္ခကျရောက်လွယ်သူများ တည်နေရာသတ်မှတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ပြင်ဆင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သည်များ စုဆောင်းခြင်း၊ ခိုလှုံရာစခန်း၏ လိုအပ်ချက်များကို ပြင်ဆင်ခြင်း၊ စားနပ်ရိက္ခာများကို ကြိုတင်စုဆောင်းခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကျေးရွာရှိ ရှာဖွေကယ်ဆယ်ရေးကော်မတီဝင်များဖြစ်ကြသည့် မီးသတ်နှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များကလည်း ထိခိုက်ဒဏ်ရာရရှိသူများ၊ သွားလာရန်ခက်ခဲသူများ၊ နေအိမ်များတွင် ကျန်ရှိနေသူများကို ရှာဖွေကယ်ဆယ်ကာ ခိုလှုံရာစခန်းသို့ သွားရောက်ခြင်းများကိုပါ တပါတည်း သဏ္ဍာန်တူ သရုပ်ပြခဲ့ကြပါသည်။

ဆက်လက်ပြီး ခိုလှုံရာစခန်းသို့ ရောက်ရှိသည့်အခါ နေရာချထားရေးကော်မတီဝင်များမှ သတ်မှတ်နေရာများတွင် နေရာချထားခြင်း၊ လူဦးရေစာရင်းပြုစုခြင်းများ စသည်တို့ကို ဆောင်ရွက်ခဲ့ကြပြီး အစားအသောက်ဝေခြမ်းရေးကော်မတီမှ စားစရာများ ဖြန့်ဝေခဲ့ကြခြင်းဖြင့် ကော်မတီအလိုက် သဏ္ဍာန်တူပါဝင်ဆောင်ရွက်ကြပါသည်။

ထို့နောက် တာဝန်ရှိသူများမှ ကျေးဖူးတင်ဝမ်းမြောက် စကားပြောကြားပြီး သဏ္ဍာန်တူဇာတ်တိုက် လေ့ကျင့်ခြင်းကြောင့် ရရှိလာနိုင်သော အကျိုးကျေးဇူးများနှင့် ကြိုတင်ပြင်ဆင်ခြင်း၏ အရေးကြီးပုံ၊ ကြိုတင်ပြင်ဆင်ခြင်းမရှိပါက ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားကြောင်း စသည်တို့ကို ပညာပေး ပြောကြားခဲ့ကြသည်။ သဏ္ဍာန်တူဇာတ်တိုက် လေ့ကျင့်မှုတွင် ဇီးပင်ကွင်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ/သား (၁၅၀)ဦးခန့်က ပူးပေါင်းပါဝင် လေ့ကျင့်ခဲ့ပါသည်။

သာပေါင်းမြို့နယ်ကြက်ခြေနီအသင်းခွဲ

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်






ဇွန်လ

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲအသီးသီးသည် ၂၀၁၈ ခုနှစ်၊ ဇွန်လနှင့်ဇူလိုင်လများအတွင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်သော အရံမီးသတ် တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ မိမိတို့မြို့နယ်အတွင်းရှိရပ်ကွက်များနှင့် ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်စေရန် ဖုံးသွန်လဲစစ် ပြုလုပ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပိုးလောက်လန်းသေဆေး (Abate) ဆေးခတ်ပေးခြင်း၊ ကျောင်းဝင်းအတွင်းခြင်ဆေးဖြန်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းနှင့်ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးဆိုင်ရာ ကျန်းမာရေး အသိပညာပေး ဆွေးနွေးခြင်း စသည်တို့ ဆောင်ရွက်ခဲ့ကြပါသည်။

## မြိတ်မြို့တွင် မြေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက် လေ့ကျင့်မှု ပြုလုပ်

မြိတ်၊ ဇွန်လ

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြိတ်မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် မြိတ်မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြိတ်ခရိုင်အတွင်း သဘာဝဘေးအန္တရာယ်များကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက် လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် မြေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ၂၀၁၈ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် မြိတ် Shopping Center အနီး သဲကွင်းတွင် ဆောင်ရွက်ခဲ့ကြပါသည်။

ဇာတ်တိုက်လေ့ကျင့်မှုတွင် ထိခိုက်ဒဏ်ရာရရှိသူများကို ရှာဖွေကယ်ဆယ်ခြင်း၊ သစ်ပင်ပိသူများအား သစ်ပင်ကို ချိန်းဓားဖြင့်ဖြတ်၍ ကယ်ဆယ်ခြင်း၊ ရှေးဦးပြုစုခြင်း၊ ဆေးရုံသို့ ပို့ဆောင်ပေးခြင်း စသည်ဖြင့် မြေပြင်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြပါသည်။

ဒေါ်အေးမြမှူ (မြိတ်)



## သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာတွင် သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်





သထုံ၊ ဇွန်လ

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ သထုံမြို့နယ်ကြက်ခြေနီအသင်းခွဲနာယက၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းမှ ဦးဆောင်၍ ခရိုင်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့မှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ခရိုင်မီးသတ်ဦးစီး ဌာနမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်ကယ်ဆယ်ရေးနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့်အတူ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာ၌ ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်မှုတွင် မိုးကြီးမည့် သတိပေးချက်များ ထုတ်ပြန်ကြေငြာခြင်း၊ ရပ်ရွာလူထုအတွင်း သတိပေးချက်များထုတ်ပြန်နှိုးဆော်ခြင်း၊ ယာယီခိုလှုံရာစခန်းသို့ ဘေးဖြစ်လွယ်သူများအား ရွှေ့ပြောင်းနေရာချထားခြင်း၊ မှတ်တမ်းများရေးသွင်းခြင်း၊ အရေးပေါ်တုံ့ပြန်ရှာဖွေကယ်ဆယ်ခြင်း၊ ထိခိုက်ဒဏ်ရာရသူများကို ရှေးဦးပြုစုခြင်းနှင့် စိတ်ပိုင်းဆိုင်ရာအားပေး ကူညီခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကယ်ဆယ်ရေးနှင့် အစားအသောက်ပစ္စည်းများ ဖြန့်ဝေခြင်း စသည့် လုပ်ငန်းများကို အစီအစဉ်တကျ ဆောင်ရွက်လေ့ကျင့်ခဲ့ပါသည်။

ထို့နောက် တာဝန်ရှိသူများမှ ကျေးရွာတင်ဝမ်းမြောက်စကားပြောကြားပြီး ဇာတ်တိုက်လေ့ကျင့်ခြင်းကြောင့် ရရှိလာနိုင်သော အကျိုးကျေးဇူးများနှင့် ကြိုတင်ပြင်ဆင်ခြင်း၏ အရေးကြီးပုံ၊ ကြိုတင်ပြင်ဆင်ခြင်းမရှိပါက ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားကြောင်း စသည်တို့ကို ပညာပေးပြောကြားခဲ့ကြသည်။ ဇာတ်တိုက်လေ့ကျင့်မှုတွင် ဒူးရင်းဆိပ်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ ကျေးရွာနေ ကျေးရွာသူ/သား စုစုပေါင်း အင်အား (၂၀၀)ခန့် ပူးပေါင်းပါဝင်လေ့ကျင့် ဆောင်ရွက်ခဲ့ကြပါသည်။

ဦးဇေယျာလင်း (သထုံ)

## ကြက်ခြေနီမှ ပုသိမ်မြို့တွင် ငလျင်ဘေးအန္တရာယ် ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ နှင့် လက်တွေ့လေ့ကျင့်မှု ပြုလုပ်



ပုသိမ်၊ မေလ

ဧရာဝတီတိုင်းဒေသကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲနှင့် လက်တွေ့လေ့ကျင့်မှု အစီအစဉ်ကို ၂၀၁၈ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ပုသိမ်မြို့၊ အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ လက်တွေ့လက်ကျင့်မှုအစီအစဉ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ပုသိမ်မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင် (၁၀) ဦးတို့က ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်သရုပ်ပြသခြင်း၊ အခြေခံရှေးဦးပြုစုခြင်း အသိပညာမျှဝေခြင်းများကို ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးကြက်ခြေနီ

# Asian Ministrial Conference on Disaster Risk Reduction သို့ မြန်မာနိုင်ငံ–ကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

ယူလန်ဘာတာ၊ ဇူလိုင်လ

"Asian Ministrerial Conference on Disaster Risk Reduction -AMCDRR ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃ ရက်မှ ၆ ရက်နေ့ထိ မွန်ဂိုလီးယားနိုင်ငံ၊ ယူလန်ဘာတာမြို့ရှိ Shangri-La Hotel နှင့် Best Western Hotel တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

မွန်ဂိုလီးယားနိုင်ငံ၊ ယူလန်ဘာတာမြို့တွင် ကျင်းပပြုလုပ်သည့် "Asian Ministrerial Conference on Disaster Risk Reduction -AMCDRR သို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မြသူနှင့်တာဝန်ရှိသူများ။ မရမ်းကုန်းမြို့နယ်ကြက်ခြေနီအသင်းခွဲမှ လူငယ်ကိုယ်စားလှယ် မောင်ပိုင်သန့်ကိုကိုတို့မှ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ကြပါသည်။

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နှင့် ၂ ရက်နေ့တို့တွင် အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများမှ နိုင်ငံတော်အကြီးအကဲများနှင့်အတူ အမျိုးသားကြက်ခြေနီအသင်းများက ဘေးအန္တရာယ်လျော့ချရေးနှင့် ပတ်သက်ပြီး အကြိုညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ကြပါသည်။

ဇူလိုင်လ ၄ ရက်နှင့် ၅ ရက်နေ့တို့တွင် အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများမှ သက်ဆိုင်ရာဝန်ကြီးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နှင့် အမျိုးသားကြက်ခြေနီအသင်းများမှ တာဝန်ရှိသူများက ဘေးအန္တရာယ်လျော့ချရေးနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကာ ၂၀၁၈–၂၀၂၀ ခုနှစ်များအတွင်း လုပ်ဆောင်မည့် လုပ်ငန်းအစီအစဉ်များနှင့် တိုးချဲ့ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြပါသည်။

မောင်ပိုင်သန့်ကိုကို (မရန်းကုန်း)




မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ AMCDRR ဆွေးနွေးပွဲ တက်ရောက်စဉ်

# SPHERE in Urban Settings အလုပ်ရုံ ဆွေးနွေးပွဲ ပြုလုပ်

ရန်ကုန်၊ ဇွန်လ

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကြီးမှူး၍ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ မြို့ပြဒေသများအတွက် ဘေးဒုက္ခတုံ့ပြန်ဆောင်ရွက်မှုတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပဋိညာဉ်စာတမ်းနှင့် အနည်းဆုံးထားရှိရမည့် စံသတ်မှတ်ချက်များ (SPHERE in Urban Settings) အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မြသူက အဖွင့်အမှာစကား ပြောကြားခဲ့ရာ မြို့ပြဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် SPHERE စံနှုန်းများကိုလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အချက်များကို ဝိုင်းဝန်းဆွေးနွေးကြရန်၊ မြို့ပြဒေသများအတွက် SPHERE စံနှုန်းများအတိုင်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့ပါသည်။

သုံးရက်တာ ကျင်းပပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် မြို့ပြ၏ အဓိပ္ပါယ်၊ မြို့ပြများတွင် ကြုံတွေ့နိုင်သည့် အမျိုးမျိုးသော ဘေးအန္တရာယ်များကို ဆန်းစစ်ခြင်း၊ မြို့ပြလူထုနှင့် ဦးတည်အုပ်စု၊ မြို့ပြရှိ အခွင့်အလမ်းများ၊ စီးပွားရေးနှင့် လူမှုဘဝရောထွေးနေမှုများ၊ ဘေးအန္တရာယ်ကျရောက်မှုကြောင့် အကျိုးသက်ရောက်နိုင်မှုများ၊ လုပ်ငန်းများ ပူးပေါင်းဆောင်ရန် အစီအစဉ်များရေးဆွဲခြင်း စသည်တို့ကို ဆွေးနွေးခဲ့ပါသည်။

ဒေါ်ဆွေဆွေစိုးနိုင် (HV&C Dept;)




မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ SPHERE in Urban Setting ဖွင့်ပွဲ အခမ်းအနား တက်ရောက်စဉ်

အသက်ပေါင်းများစွာ ကယ်တင်ဖို့၊ အတွေးအမြင်များ ပြောင်းကြစို့

# ကြက်ခြေနီသည် လူမှုကရုဏာလုပ်ငန်းများမှ တစ်ပါး အခြားမရှိ



မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၂၀ခုနှစ်တွင် အိန္ဒိယကြက်ခြေနီအသင်း၏ အသင်းခွဲအဖြစ် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖြစ် သီးခြားရပ်တည်ခဲ့ကာ ၁၉၃၉ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) မှ အမျိုးသားကြက်ခြေနီအသင်းအဖြစ် အသိအမှတ်ပြုခဲ့ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၉၁ နိုင်ငံတို့တွင် အမျိုးသားကြက်ခြေနီ၊ လခြမ်းနီအသင်းများကိုဖွဲ့စည်းထားပြီး မြန်မာနိုင်ငံသည်လည်း အသင်းဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အခြေခံမူ (၇) ချက်ဖြင့် လူမှုကရုဏာ လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ ကြက်ခြေနီအခြေခံမူ (၇)ချက်မှာ–

၁။ Humanity (ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် လူသားချင်းစာနာထောက်ထားမှုဖြင့် လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်ခြင်း)

၂။ Impartiality (လူမျိုးမရွေးဘာသာ၊ ဂိုဏ်းဂဏမရွေး ဒုက္ခသည်အားလုံးနှင့် အကူအညီ လိုအပ်သူများကို ခွဲခြားခြင်း၊ ဘက်လိုက်ခြင်းမပြုဘဲ စောင့်ရှောက်ခြင်း)

၃။ Neutrality (လူမျိုးရေး၊ ဘာသာရေးစသည့် အငြင်းပွားမှု ပဋိပက္ခများတွင် လုံးဝပတ်သက်မှုမရှိဘဲ ကြားနေခြင်း)

(၄) Independence (လူမှုကရုဏာလုပ်ငန်း နယ်ပယ်/အခန်းကဏ္ဍများတွင်သာ အစိုးရ၏ အရန်အင်အားသဖွယ် ဥပဒေဘောင်အတွင်းမှ ကြက်ခြေနီအခြေခံမူအတိုင်း လွတ်လပ်စွာ ဆောင်ရွက်သည်။)

(၅) Voluntary Service (အမြတ်အစွန်းကို မမျှော်လင့်ဘဲ မိမိကိုယ်ပိုင်အချိန်ကို တန်ဖိုးရှိစွာ စေတနာဖြင့် အကူအညီပေးခြင်း)

(၆) Unity (နိုင်ငံအတွင်း တစ်ခုတည်းသော ကြက်ခြေနီအသင်းအဖြစ် တစ်နိုင်ငံလုံး စည်းလုံး ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်း)

(၇) Universality (ကမ္ဘာတစ်ဝန်းလုံး ကြက်ခြေနီလုပ်ငန်းများကို တန်းတူညီတူ ဆောင်ရွက်ခြင်း)

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အမျိုးသားကြက်ခြေနီအသင်း၏တာဝန်ဝတ္တရားများဖြစ်သည့် လူမှုကရုဏာလုပ်ငန်းများကို "ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်" ဆိုသော ရည်ရွယ်ချက်နှင့်အညီ ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူသားချင်းစာနာထောက်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုအခြေခံမူများကို ထဲထဲဝင်ဝင် လေ့လာ၊ တိတိကျကျ သုံးသပ်လျှင် နိုင်ငံရေးမဖက် လူမှုရေးသက်သက်ဖြစ်ပြီး အစိုးရအဖွဲ့အစည်းမဟုတ်သော လူမှုကရုဏာလုပ်ငန်းများအား တစ်စိုက်မတ်မတ် လုပ်ဆောင်ပေးနေသည့်အဖွဲ့အစည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု၊ နေပြည်တော်ကောင်စီ နယ်မြေနှင့် မြို့နယ်ပေါင်း (၃၃၀)အပြင် ကျေးရွာများတွင် ကြက်ခြေနီအသင်းခွဲများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် စေတနာလုပ်အားရှင်များနှင့် ဖွဲ့စည်း၍ အဆင့်ဆင့် လေးစားလိုက်နာမှုများနှင့် စည်းလုံးညီညွတ်စွာ လုပ်ဆောင်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များနှင့် နှစ်စဉ် ကြုံတွေ့ခဲ့ရာ ၂၀၀၈ ခုနှစ် မေလ (၂) ရက်နှင့် (၃) ရက်များတွင် နာဂစ်မုန်တိုင်းကျရောက်၍ ဒုက္ခမျိုးစုံ ခံစားခဲ့ရသော ဧရာဝတီ၊ ရန်ကုန်၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် အခြားဒေသ အသီးသီးသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေနှင့် ဘေးဒုက္ခဆိုင်ရာစီမံခန့်ခွဲမှု၊ ကယ်ဆယ်ရေးနှင့် ပံ့ပိုးကူညီမှု စသည့် သက်ဆိုင်ရာ တာဝန်သိ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကြက်ခြေနီတပ်ဖွဲ့မှူးများ၊ သူနာပြုတပ်ဖွဲ့ဝင်များ၊ စေတနာလုပ်အားရှင်များသည် အချိန်နှင့် တစ်ပြေးညီ ကာလရှည် ပြုစုစောင့်ရှောက်ပေးခဲ့ရပါသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်၌ တိုင်းရင်းသားများနေထိုင်ရာ ရှမ်းပြည်မြောက်ပိုင်း၊ လောက်ကိုင်မြို့ ဒေသပတ်ဝန်းကျင်တွင် တိုက်ပွဲများဖြစ်ပွားခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စေတနာလုပ်အားရှင်များ သွားရောက်၍ တိုက်ပွဲရှောင်ပြည်သူများအား ရွှေ့ပြောင်းကူညီပေးခဲ့ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏အခြေခံမူအတိုင်း(Neutrality) (နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးစသည့် အငြင်းပွားမှု၊ ပဋိပက္ခကိစ္စများတွင် မပါဝင်ဘဲကြားနေခြင်း)ဖြင့် (Independence) လူမှုကရုဏာလုပ်ငန်းများကို ကြက်ခြေနီအခြေခံမူအတိုင်း၊ လွတ်လပ်စွာကူညီ ပေးခဲ့ပါသည်။

သို့သော်လည်း မည်သို့သောအကြောင်း ပြချက်မရှိဘဲ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ(၁၇) ရက်နေ့တွင် လောက်ကိုင်၊ ချင်းရွှေဟော်တောင်ကြား၊ လုံတန်ကျေးရွာအနီးတွင် ကြက်ခြေနီယာဉ်တန်း တိုက်ခိုက်ခံရသဖြင့် ကြက်ခြေနီစေတနာလုပ်အားရှင် ဦးမိုးကျော်သန်းနှင့် ဦးဇော်မင်းထိုက်တို့ ဒဏ်ရာရရှိခဲ့ပြီး (၂၅ ၃၁၅)ရက်နေ့၌ ဦးမိုးကျော်သန်းသည် မန္တလေးဆေးရုံတွင် ကွယ်လွန်ခဲ့ရရှာသည်။ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ (၂၁)ရက်နေ့တွင်လည်း ကြက်ခြေနီကယ်ဆယ်ရေးယာဉ်အား ၎င်းဒေသတွင် ဒုတိယအကြိမ်တိုက်ခိုက်ခံခဲ့ရသဖြင့် စေတနာလုပ်အားရှင် ဦးကျော်ဇောထူးမှာ သေနတ်မှန်၍ လက်မောင်းအရိုးကျိုးဒဏ်ရာ ရရှိခဲ့သည်။

၂၀၁၅–၂၀၁၆ခုနှစ် ရေဘေးအန္တရာယ်ကျရောက်ရာဒေသအသီးသီးသို့လည်း ကြက်ခြေနီမှ သွားရောက်၍ လိုအပ်သည့် လူမှုကရုဏာအကူအညီများ ပေးခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ကြက်ခြေနီ သူနာပြုတပ်ရင်းမှ တပ်စုမှူးဦးကျော်ကျော်လင်းသည် ရေဘေးဒုက္ခရောက်သူများကို ကူညီကယ်ဆယ်ရင်း ရေနစ်၍ အသက် ဆုံးရှုံးခဲ့ရပါသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ(၄)ရက် မွန်းလွဲပိုင်းအချိန် ရှမ်းပြည်မြောက်ပိုင်း၊ နမ့်ဆန်မြို့မီးလောင်ခြင်းနှင့် ထိုနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့ မီးလောင်မှုကြီးများ ဖြစ်ပွားခဲ့ရာဒေသအသီးသီးသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း အမျိုးသားအဆင့် ဘေးအန္တရာယ်တုန့်ပြန်ရေးအဖွဲ့နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံကြက်ခြေနီတပ်ဖွဲ့မှူးများ၊ သူနာပြုတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ကယ်ဆယ်ရေးပစ္စည်းများ ပံ့ပိုးပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ (၁၀) ရက် နံနက် ၉ နာရီ ၄၅ မိနစ်အချိန်ခန့်တွင် နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ကြံခင်းကျေးရွာအနီးရှိ လယ်ကွင်းအတွင်းသို့ တပ်မတော် လေ ယာဉ်တစ်စင်း ပျက်ကျသွားခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း အထွေထွေအတွင်းရေးမှူးဦးခင်မောင်လှ၊ ရန်ကုန်–မန္တလေးအမြန်လမ်း ကြက်ခြေနီအရေးပေါ် ကယ်ဆယ်ရေးစခန်းမှ တာဝန်ရှိသူများနှင့် သူနာပြုတပ်ဖွဲ့ဝင်စေတနာလုပ်အားရှင်များက အချိန်နှင့်တပြေးညီ ကြက်ခြေနီ သူနာတင်ယာဉ်ဖြင့် ကူညီပေးကြပါသည်။

ထိုကဲ့သို့ ဖြစ်ရပ်များအပေါ် တုန့်ပြန်မှုများ၏ အကျိုးသက်ရောက်မှုများသည် ရိုးရှင်းသော လူမှုကရုဏာလုပ်ငန်းများကိုထင်သာ

စာမျက်နှာ(၉)သို့

# မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ INNO (Group) က သူနာတင်ယာဉ်လွှဲပြောင်းပေးအပ်





နေပြည်တော်၊ မေလ

မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ INNO (Group)မှ လှူဒါန်းသည့် သူနာတင်ယာဉ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ၂၀၁၈ ခုနှစ် မေလ ၇ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏာသီရိမြို့နယ် မြန်မာနိုင်ငံကြက်ခြေနီအသင်း (၂၀၂) မိုင် ရှေးဦးပြုစုခြင်း စခန်းတွင် ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူ၊ အချိန်ပြည့်အလုပ်အမှုဆောင် ဦးကင်ဘွိုင်းနှင့် ညွှန်ကြားရေးမှူးများ၊ နေပြည်တော်ကောင်စီနယ်မြေ ကောင်စီဝင် ဦးအေးမောင်စိန်၊ INNO (Group) မှ Chairman Mr. Seog Chang Sonနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေ ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်အောင်၊ ခရိုင်/မြို့နယ်ကြက်ခြေနီအသင်းခွဲများမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဒက္ခိဏာသီရိမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်–မန္တလေးအမြန်လမ်းရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက အဖွင့်အမှာ စကားပြောကြားခဲ့ရာ – ယခု သူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်လာသောနေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ INNO (Group) မှ Chairman Mr. Seog Chang Son နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာ လုပ်အားများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ သူနာတင်ယာဉ် လှူဒါန်းပေးသည့် INNO (Group) ကိုလည်း ကျေးဇူးတင် ရှိပါကြောင်း။ INNO (Group) မှ အသင်းသို့ လှူဒါန်းခြင်းသည် ဒုတိယအကြိမ်ဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင်လည်း INNO (Group)က (၂၀၂) မိုင် ရှေးဦးပြုစုခြင်းစခန်းဆောက်လုပ်ရန်အတွက် လှူဒါန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ တောင်ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံသည် နှစ်ပေါင်းရှည်ကြာစွာ ရင်းနှီးသည့်ဆက်ဆံရေးရှိခဲ့သည့် မိတ်ဖက်အာရှနိုင်ငံများ ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး INNO (Group)မှ Chairman Mr. Seog Chang Son က လူနာတင်ယာဉ် လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး လူနာတင်ယာဉ်အား လွှဲပြောင်းပေးအပ်ခဲ့ကာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌက Chairman Mr. Seog Chang Son ကို ဂုဏ်ပြုမှတ်တမ်းလွှာ နှင့် အမှတ်တရပစ္စည်း ပြန်လည်ပေးအပ်ခဲ့ပါသည်။ ထို့နောက် စုပေါင်းမှတ်တမ်းဓါတ်ပုံရိုက်ကူးကာ လူနာတင်ယာဉ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။

ဦးအောင်မြင့်စိုး (HV&C Dept;)

## မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ဥက္ကဋ္ဌ စင်္ကာပူကြက်ခြေနီအသင်း၊အထွေထွေ အတွင်းရေးမှူးနှင့်တွေ့ဆုံ

ရန်ကုန်၊ ဇူလိုင်လ

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မြသူသည် စင်္ကာပူကြက်ခြေနီ အသင်းမှအထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့အား မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန် ရုံးခွဲ) အစည်းအဝေးခန်းမဆောင်တွင် တွေ့ဆုံခဲ့ကြပါသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် စင်္ကာပူကြက်ခြေနီအသင်းအကြား အတွေ့အကြုံများဖလှယ်ခြင်းနှင့် လူမှုကရုဏာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာဒေါ်မြသူ၊ ဒုတိယဥက္ကဋ္ဌပါမောက္ခဒေါက်တာနန်းထွမ်းလှ၊ အချိန်ပြည့်အလုပ်အမှုဆောင် ဦးကင်ဘွိုင်း၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှ၊ ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါ်ရွှေစင်မြင့်နှင့် ညွှန်ကြားရေးမှူးများ၊စင်္ကာပူကြက်ခြေနီအသင်းမှ အထွေထွေအတွင်းရေးမှူး Mr. Benjamin William နှင့် Ms. Charis Chan, Head of nternational Relations Department တို့ တက်ရောက်ခဲ့ကြပါသည်။

ဦးအောင်မြင့်စိုး (HV&C Dept;)





**သင့်သွေးဖြင့် အသက်ကယ်ပါ။**